## စာရေးဆရာ၏ မှတ်စု

ကျွန်တော် ဇာဟိရ်ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီနှင့် ဇွန်ကြား ရေးသားခဲ့သည်။ ကျွန်တော်ကိုယ်တိုင် ကမ္ဘာပတ်ပြီး တရားရှာခရီးထွက်နေခဲ့သည့် ကာလဖြစ်သည်။ စာအုပ် တစ်စိတ်တစ်ပိုင်းကို ပြင်သစ်နိုင်ငံ ပဲရစ်နှင့် St-Martin၊ စပိန်နိုင်ငံ မက်ဒရစ်နှင့် ဘာစီလိုနာ၊ ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့၊ ဘယ်လ်ဂျီယမ် လမ်းမတစ်ခု၊ အယ်မဂျီးနှင့် ကာဇက်စတန်စတက်မြက်ခင်းဒေသတွင် ရေးသားခဲ့သည်။ ဤစာအုပ်တွင်ပါရှိသော ပြင်သစ်ဥပဒေနှင့် ပတ်သက်သည့် အချက်အလက်များကို စစ်ဆေးပေးခဲ့သည့် ပြင်သစ် ထုတ်ဝေသူ Anne နှင့် Alain Carrière တို့ကို ကျေးဇူးတင်ပါသည်။ အကျိုးဆောင်ဘဏ်အကြောင်းကို Tom Wolfe ရေးသားသည့် The Bonfire of the Vanities တွင် ပထမဆုံး ဖတ်ဖူးခြင်းဖြစ်ပါသည်။ အက်စသာ ပြောပြသည့် ဟန်းနှင့်ဖရစ်စ်တို့၏ ဇာတ်လမ်းမှာ Daniel Quinn ၏ Ishmael တွင် ပါရှိသော ဝတ္ထုတစ်ပုဒ်မှ ဖြစ်ပါသည်။ "လူတွေ နိုးကျူးရင် ကိုယ့်အပြုအမူကိုယ် အမြဲ သတိထားစောင့်ကြည့်ဖို့ လိုတယ်" ဆိုသည့် မာရီ၏ ကောက်ချက်မှာ Kenan Rifai ထံမှ ဖြစ်ပါသည်။ ပဲရစ်ရှိ လူငယ်အုပ်စု၏ ပြောစကား အများစုမှာ ထိုအုပ်စုထဲမှ လူငယ်တစ်ယောက် ကျွန်တော့်ကို ပြောပြသော စကားများဖြစ်ပါသည်။ သူတို့၏ အိုင်ဒီယာအချို့ကို အင်တာနက်ပေါ်တွင် တင်ထားသော်လည်း မူရင်းစာရေးသူမည်သူမည်ဝါဆိုတာ ထုတ်ပြဖို့ မဖြစ်နိုင်ပါ။

အမိကဇာတ်ကောင် ငယ်စဉ်က သင်ခဲ့ရသော (ဆေးရုံတက်နေစဉ် ပြန်သတိရမိသော) ကဗျာစာကြောင်းများမှာ ဘရာဇီးကဗျာဆရာ Manuel Bandeira ၏ ကဗျာ Consoada မှ ဖြစ်ပါသည်။ အမေရိကန် သရုပ်ဆောင်နှင့် တွေ့ရန် အမိကဇာတ်ကောင်ဘူတာသို့ ထွက်သွားသော အခန်းပြီးနောက် မာရီ၏ မှတ်ချက်အချို့မှာ ဆွီဒင်မင်းသမီး Agneta Sjodin နှင့် ပြောခဲ့သော စကားများ ပေါ်တွင် အခြေခံထားပါသည်။

လူတစ်ယောက်၏ အတိတ်ဖြစ်စဉ်ဖြစ်ရပ်များကို မေ့ပစ်ဖို့ဆိုသည့် အတွေးအခေါ်ကို Carlos Castaneda ၏ Journey to Ixtlan တွင် အသေးစိတ် ဖော်ပြထားပါသည်။ ယွန့်တ်ဥပဒေသမှာ ဒိန်းမတ်စာရေးဆရာ Aksel Sandemose ၏ ဝတ္ထု A Fugitive Crossing His Tracks မှ ဖြစ်ပါသည်။ ကာဇက်စတန်ကို သွားလည်ဖြစ်အောင် ကူညီပေးခဲ့ကြသော Dmitry Voskoboynikov နှင့် Evgenia Dotsuk တို့ကို အထူး ကျေးဇူးတင်ရှိပါသည်။

အယ်မဂျီးတွင် The Centaurs of the Great Steppe ကို ရေးသားသူ စာရေးဆရာ Imangali Tasmagambetov နှင့် ဆုံတွေ့ခွင့်ရခဲ့ပါသည်။ ကာဇက် ယဉ်ကျေးမှုကျွမ်းကျင်သူ ဖြစ်သည့် သူ့ဆီမှ ကာဇက်စတန်၏ အတိတ်နှင့် ပစ္စုပ္ပန် နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ အရေးကြီးသည့်အရာ တော်တော်များများကို သိခွင့်ရခဲ့ပါသည်။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုခဲ့သည့် ကာဇက်စတန်သမ္မတ နိုင်ငံတော်၏ သမ္မတကြီး Nursultan Nazarbaev ကိုလည်း ကျေးဇူးတင်ရှိပါသည်။ နည်းပညာ အလုံအလောက်ရှိပြီ ဖြစ်သော်လည်း နျူကလီးယား စမ်းသပ်မှုများကို ရပ်ဆိုင်းကာ ကာဇက်စတန်၏ နျူကလီးယားဒုံးကျည်တစ်ခုလုံးကို ဖျက်ဆီးပစ်ခဲ့သည့် သမ္မတကြီး၏ ဆုံးဖြတ်ချက်ကို အခွင့်အရေးရတုန်း ဂုဏ်ပြုချီးကျူးချင်ပါသည်။ နောက်ဆုံးအနေနှင့် စတက်မြက်ခင်းဒေသတွင် ကျွန်တော် ကြုံခဲ့ရသည့် မှော်ဆန်သည့် အတွေ့အကြုံများအတွက် ကျွန်တော့်ကို အလွန် စိတ်ရှည်စွာ အဖော်ပြုပေးခဲ့ကြသော သူ သုံးဦးကို ကျေးဇူးတင် မှတ်တမ်းပြုအပ်ပါသည်။ ပထမတစ်ယောက်က Kaisar Alimkulov၊ ဒုတိယတစ်ယောက်က ဒေါ့စ် (Dosbol Kasymov) အလွန်တော်လှသော ပန်းချီဆရာတစ်ယောက်ဖြစ်ပြီး ထိုနာမည်နှင့်ပင် ဇာတ်ကောင်တစ်ကောင်ကို ကျွန်တော့်ဝတ္ထုနောက်ပိုင်းတွင် ထည့်သွင်းထားပါသည်။ နောက်ဆုံးတစ်ယောက်ကတော့ Marie Nimirovskaya ဖြစ်ပါသည်။ သူကတော့ ကနဦးတွင် ကျွန်တော့်စကားပြန်အဖြစ် လိုက်ပါပြီး မကြာမီ ကျွန်တော့်မိတ်ဆွေ ဖြစ်သွားခဲ့ပါသည်။

*

## ဘာသာပြန်သူ့စကား

တကယ်တော့ Zahir ဝတ္ထုမှာ ကျွန်တော့်လက်ထဲတွင် ရောက်ရှိနေခဲ့သည်မှာ ဆယ်နှစ်ပင် ကျော်ခဲ့ပြီ ဖြစ်ပါသည်။ ၂၀၀၅-၆ ဗန်ကောက်တွင် ရှိစဉ်ကတည်းက ဝယ်ဖြစ်ခဲ့သော်လည်း ပြီးအောင် မဖတ်ဖြစ်။ ပြောရလျှင် အဲဒီအချိန်က ဖတ်ပြီး မကြိုက်၍ ဆက်မဖတ်ဖြစ်ခဲ့သော စာအုပ်ပင်။ အနောက်တိုင်းဝတ္ထုကြီးများ၏ ပင်မပုံစံ ဖြစ်သော ပျောက်ဆုံးခြင်း၊ ရှာဖွေခြင်း၊ ပြောင်းလဲခြင်း၊ တွေ့ရှိခြင်း ပေါ်တွင် အမိက အခြေခံထားသော ဝတ္ထု ဖြစ်သော်လည်း Paulo Coelho ၏ နာမ်တရားဆိုင်ရာများ ကဲနေသည့် အရေးအသားကို ထိုအချိန်က စိတ်ဝင်စား၍ မရ။

သို့သော် သူ၏ 'ဆယ့်တစ်မိနစ်'ကို ပြန်ဆိုပြီးနောက် စာဖတ်သူများ၏ စိတ်ဝင်စားမှုက မျှော်လင့်ထားသည်ထက် ပိုကာ ကျွန်တော့်ကို သူ၏ တခြား ဝတ္ထုများ ဆက်လက်ပြန်ဆိုဖို့ တောင်းဆိုကြသည်။ ဤသို့ဖြင့် Zahir ကို နောက်တစ်ကြိမ် ပြန်လည် ဖတ်ရှုဖြစ်သည်။ သို့သော် ထူးထူးခြားခြား ဤတစ်ကြိမ်တွင်တော့ ကျွန်တော် သူ၏ နာမ်တရားဆိုင်ရာ အရေးအသားများကို ဓာတ်မတည့် ယားယံခြင်း မရှိတော့။ ဆယ်နှစ်ကျော် ကာလအတွင်း ကျွန်တော် ကိုယ်တိုင်၏ ပြောင်းလဲလာခြင်းကြောင့်ပေလား၊ အနောက်တိုင်းဒဿနကို အခြေခံသည့် ဝတ္ထုများကို ဖတ်ရှုပြန်ဆိုရခြင်းမှ အပြောင်းအလဲ တစ်ခုအနေနှင့် အရသာတစ်မျိုးကို ခံစားရ၍လား မသိ။

တစ်ခုပဲ ပြောစရာရှိသည်။ ဘာသာရေးအသုံးအနှုန်းများနှင့် ပတ်သက်၍ ကျွန်တော်တတ်နိုင်သမျှ လေ့လာ၍ ပြန်ဆိုထားသော်လည်း သက်ဆိုင်ရာ ဘာသာဝင်များအဖို့ ဘဝင်မကျစရာ ရှိကောင်း ရှိနိုင်ပါသည်။ ဤဝတ္ထုတွင် နောက်ခံ ဘာသာရေး အတွေးအခေါ်များက ထွေးရောယှက်တင် ရှိနေခဲ့ပါသည်။

ဇာတ်ကြောင်း ပြောသူ၏ ကိုးကွယ်ယုံကြည်မှုနှင့် နေထိုင်နေသော ပတ်ဝန်းကျင် (ပြင်သစ်) က ခရစ်ယာန်ဘာသာနှင့် မယ်တော်မာရီတို့ လွှမ်းမိုးနေခဲ့သည်။ တစ်ဖန် နောက်ထပ် ဇာတ်ကောင် တစ်ကောင်ဖြစ်သော မစ်ခေး ပြန်လည်ပြောပြသည့် ကာဇက်စတန် နောက်ခံ အဖြစ်အပျက်များတွင်တော့ အစ္စလာမ်ကိုးကွယ်မှုအပေါ် အခြေခံနေခဲ့သည်။

ဝတ္ထုခေါင်းစဉ် Zahir (ဇာဟိရ်) ကိုယ်၌က အစ္စလာမ်ယဉ်ကျေးမှုတွင်ရှိသော အိုင်ဒီယာတစ်ခု၊ သည့်အပြင် စတက်မြက်ခင်းဒေသ နိုးမက်တို့၏ တန်ဂရီ ကိုးရာယုံကြည်မှုများက ကျွန်တော့်အမြင် ကြေငြာသဘော၊ ဂမ္ဘီရဆန်လှသလို ထင်ရသည်။ သည့်အတွက် နာမ်တရားဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းများကို ထိုနောက်ခံ ယုံကြည်မှုများနှင့်အညီ ဆီလျော်အောင် ကြိုးစားပြန်ဆိုထားပါသည်။

စိတ်တိုင်းကျသည်ဟုတော့ မပြောလိုပါ။ သို့သော် လုံလောက်အောင် အားထုတ်ခဲ့သည်ဟုတော့ ယုံကြည်ပါသည်။ သေချာသည်ကတော့ သူ၏ စာအုပ်ကို ပြန်ဆိုရသည်မှာ မိမိကိုယ်မိမိ မေ့ပျောက်ပြီး ပင်ပန်းခက်ခဲလှသည့် ခရီးရှည်ကြီးကို သန္နိဋ္ဌာန်စိတ်ဖြင့် ချီတက်ကာ အတွေ့အကြုံ အသစ်အဆန်းများ၊ သံဝေဂယူစရာများ၊ စွန့်စားခန်းများဖြင့် ပြည့်နှက်နေသည့်အတွက် တရားရှာခရီး (pilgrimage) ထွက်ရသလိုပင် ထင်မှတ်ရပေတော့သည်။

9: 35 PM

May 7, 2018